**မူပိုင်ခွင့်ဦးစီးဌာန**

**စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက်ဆိုင်ရာ လမ်းညွှန်ချက်များ**

**(ID–1a)**

**စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားသူသည် စက်မှုဒီဇိုင်းဖန်တီးသူ မဟုတ်ပါက စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက် လျှောက်လွှာပုံစံ ID–1a Form ကို ပြည့်စုံစွာ ဖြည့်စွက်၍ တင်ပြရမည်။ ယင်းသို့ တင်ပြရာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက် တင်ပြနိုင်သည်။**

**လျှောက်ထားသူအမည်(များ)**

၁။ လျှောက်ထားသူသည် တစ်ဦးထက်ပိုပါက လျှောက်ထားသူအားလုံး၏ အမည်ကို ဖော်ပြရမည်ဖြစ်ပြီး လျှောက်ထားသူသည် တရားဝင်ဖွဲ့အစည်းထားသော အဖွဲ့အစည်းဖြစ်လျှင် အဖွဲ့အစည်း၏ အမည်ကို ဖော်ပြရမည်။

(က) လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင်

ဥပမာ – အမည် ဦးမြင့်ဦး

သို့မဟုတ်

လျှောက်ထားသူသည် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်လျှင်

ဥပမာ – အမည် အေအေအေ ကုမ္ပဏီလီမိတက်

**ဖန်တီးသူ(များ)**

၂။ စက်မှုဒီဇိုင်းကို ဖန်တီးသူနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးရမည်။

ဥပမာ–

| စက်မှုဒီဇိုင်း အမှတ်စဉ် [Number of Industrial Design] | ဖန်တီးသူအမည် [Name of Creator] | နိုင်ငံသား [Nationality] | နေရပ်လိပ်စာအပြည့်အစုံ [Full Address] |
|---|---|---|---|
| ၁ | ဦးစိုးအေး | မြန်မာ | အမှတ်(၁၂၁)၊ ရေတာရှည်လမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ |
| ၂ | ဦးမြင့်အောင် | မြန်မာ | အမှတ်(၂၅/က)၊ ဗိုလ်ရာညွန့်လမ်း၊ စစ်တောင်းရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ။ |

၃။ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားသူသည် မည်သည့်အချက်ကြောင့် စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်းကို ID-1a Form ၏ နံပါတ်စဉ် (၃) အကွက်တွင် အမှတ်အသား (✓) ပြုလုပ်ပေးရမည်။ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ လျှောက်ထားခြင်းဖြစ်ပါက "အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ" တွင် လည်းကောင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူညီချက်အရ လျှောက်ထားခြင်းဖြစ်ပါက "လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူညီချက်အရ" တွင် လည်းကောင်း၊ အခြားသော အကြောင်းအရာများကြောင့် လျှောက်ထားခြင်းဖြစ်ပါက "အခြား" တွင် အမှတ်အသား (✓) ပြုလုပ်၍ ကွက်လပ်တွင် လျှောက်ထားသူသည် မည်သည့်အကြောင်းအရာကြောင့် လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း ဖော်ပြချက်ကို လည်းကောင်း ဖြည့်စွက်ပေးရမည်ဖြစ်သည်။

**လျှောက်ထားသူ (သို့မဟုတ်) ကိုယ်စားလှယ်၏ ထိုးမြဲလက်မှတ်**

၄။ ID-1a Form ၏ နံပါတ်စဉ် (၄) အကွက်၌ အထက်ဖော်ပြပါ အချက်များ မှန်ကန်ကြောင်း ဝန်ခံ ကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်မှ ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည်အပြည့်အစုံနှင့် လက်မှတ် ရေးထိုးသည့် ရက်၊ လ၊ နှစ် တို့ကို ပြည့်စုံစွာ ဖြည့်စွက်ပေးရမည်။ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူ၏ အမည်၊ ရာထူးနှင့် အဖွဲ့အစည်းအမည် တို့ကိုပါ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါ လက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့ အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထား ပူးတွဲတင်ပြရမည်။ လျှောက်ထားသူ တစ်ဦးထက်ပိုသော လျှောက်ထားချက်ဖြစ်လျှင် လျှောက်ထားသူ အားလုံး၏ ကိုယ်စား တစ်ဦးတည်းကသာ လက်မှတ်ရေးထိုးရန်နှင့် ၎င်းတို့အကြား သဘောတူထားသည့် အထောက်အထားမိတ္တူကို ပူးတွဲတင်ပြရမည်။

ဥပမာ(၁)- လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင်

(က) လက်မှတ်ရေးထိုးသူ၏ အမည်ကို ဖော်ပြရမည်။

ဥပမာ - လက်မှတ် *Myint Oo* OR *Soe Thu*

အမည် ဦးမြင့်ဦး သို့မဟုတ် ဦးစိုးသူ

ဥပမာ(၂)- လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်လျှင်

(ခ) အဖွဲ့အစည်းအမည်နှင့် လက်မှတ်ရေးထိုးသူ၏ ရာထူးကိုဖော်ပြရမည်။

ဥပမာ - လက်မှတ် *Soe Maung*

အမည် ဦးစိုးမောင်

ရာထူး Chairman

အမည် အေအေအေ ကုမ္ပဏီလီမိတက်

**လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်အလက်များအားလုံးကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက် ပေးရမည် ဖြစ်သည်။ လျှောက်လွှာတွင် (*) ဖြင့် ဖော်ပြထားသော အချက်အလက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့် အချက်များဖြစ်ပါသည်။ (*) အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ် တစ်ခုလုံးတွင် ပါဝင်သည့် အချက်များကို မဖြစ်မနေ ဖြည့်စွက်ပေးရမည်ဖြစ်သည်။**